# အရိယာပုဂ္ဂိုလ် (၈)ယောက်

၁. သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် = သောတာပတ္တိမဂ် ရဆဲပုဂ္ဂိုလ်
၂. သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် = သကကဒါဂါမိမဂ် ရဆဲပုဂ္ဂိုလ်
၃. အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် = အနာဂါမိမဂ် ရဆဲပုဂ္ဂိုလ်
၄. အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် = အရဟတ္တမဂ် ရဆဲပုဂ္ဂိုလ်
၅. သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ် = သောတာပတ္တိဖိုလ် ရပြီးသော (သောတာပန်) ပုဂ္ဂိုလ်
၆. သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် = သကဒါဂါမိဖိုလ်ရပြီးသော (သကဒါဂါမ်) ပုဂ္ဂိုလ်
၇. အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် = အနာဂါမိဖိုလ် ရပြီးသော (ရဟန္တာ) ပုဂ္ဂိုလ်
၈. အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် = အရဟတ္တဖိုလ် ရပြီးသော (ရဟန္တာ) ပုဂ္ဂိုလ်

ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်တွင် နောက်ဆုံးဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ် (၈)ယောက် အားဖြင့် (၉)ယောက်သော ပုဂ္ဂိုလ်တို့ကို အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ်သုံးပါးနှင့် ပဋိသန္ဓေနေကြသောကြောင့် တိဟိတ်ပုဂ္ဂိုလ်ဟုခေါ်သည်။

## အရိယာပုဂ္ဂိုလ် (၂)မျိုး

အရိယာပုဂ္ဂိုလ် (၈)ယောက်တွင်လည်း – သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ် ဟူ၍ ပုဂ္ဂိုလ်နှစ်မျိုး ရှိသည်။

၁. သေက္ခ = သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်မှ တပါး ကျန်အရိယာပုဂ္ဂိုလ် (၇)ယောက် ဖြစ်သည်။
၂. အသေက္ခ = သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ကျင့်ပြီးဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် (၁)ယောက် ဖြစ်သည်၊ ဤပုဂ္ဂိုလ်ကို “အသေက္ခ” အပြင် “ရဟန္တာ” ဟုလည်း ခေါ်၏။

ဤသို့အားဖြင့် –

- ပုထုဇဉ် (၄)ယောက်
- အရိယာ (၈)ယောက်

အားဖြင့် (၁၂) ယောက်သော ပုဂ္ဂိုလ်များကို သတ္တလောကဟု ခေါ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်) စာအုပ်မှ ထုတ်နှုတ်ဖော်ပြသည်။

# ပုထုဇန် (၄)ယောက်

အရိယာမှ သီးခြားဖြစ်သူ, ကိလေသာကို များစွာဖြစ်စေတတ်သူ (၄)ယောက် ဟူလို။

၁. ဒုဂ္ဂတိအဟိတ် ပုထုဇန် = အပါယ် (၄)ဘုံသားများ၊
၂. သုဂတိအဟိတ် ပုထုဇန် = လူ့ဘုံ၌ ငကန်း, ငဆွံ့, ငအ, ငထိုင်းများ၊
၃. ဒွိဟိတ် ပုထုဇန် = ကာမသုဂတိ (၇)ဘုံသားများ၊
၄. တိဟိတ် ပုထုဇန် = အထက်တန်းစား လူ, နတ်, ဗြဟ္မာများ။

ပုထုဇန် ဝေါဟာရမျိုး (၄)ပါး။ ။ သံဂီတိသုတ်၌ လာရှိသည်ကား ဝစီဒုစရိုက် (၄)ပါးကို အဖန်ဖန် ပြောကြား သုံးနှုန်းခြင်းပင်ဖြစ်၏။

# ပုထုဇဉ် (၂)မျိုး

အကန်းနှင့် အကောင်း ခြားနားမှု။

၁. ကလျာဏပုထုဇန် = ခန္ဓာ, အာယတန, ဓာတ်, သစ္စာ တို့ကိုသိ၍ ကောင်းသော ပုထုဇန် တမျိုး၊
၂. အန္ဓ ပုထုဇန် = ခန္ဓာ, အာယတန, ဓာတ်, သစ္စာ တို့ကိုမသိမူ၍ အကန်းနှင့်တူသော ပုထုဇန်ဟု (၂)မျိုး မှတ်ရာသည်။

နိဒါနဝဂ္ဂ သံယုတ်။၄။၉၀-၌ အကျယ်ရှု။